## မြန်မာနိုင်ငံသား ခရီးသွားများအား သတိပေးနှိုးဆော်ချက်

၁။ ယခုအခါတွင် မြန်မာနိုင်ငံမှ ဥရောပဒေသများသို့ အလည်အပတ်ခရီး ပိုမိုလာရောက်လည်ပတ်သူများလာပြီး ခရီးသွားအုပ်စုများအတွင်း ခါးပိုက်နှိုက်ခံရခြင်း၊ မြန်မာနိုင်ငံကူး လက်မှတ်ပျောက်ဆုံးခြင်းစသည်ဖြင့် ကြုံတွေ့ရလျက်ရှိပါသည်။ အထူးသဖြင့် ငွေသားကိုင်ဆောင် ထားတတ်သည့် အာရှခရီး သွားများအား အလစ်သမားများက အုပ်စုဖွဲ့ချောင်းမြောင်း လုယက်ကြသည့်အပြင် အမျိုးသမီးများ၊ သက်ကြီးရွယ်အို၊ ကလေးငယ်များနှင့် ကလေးအမေများမှလည်း ခါးပိုက်နှိုက်လေ့ရှိပါသဖြင့် မြန်မာနိုင်ငံသား မိဘပြည်သူများအနေဖြင့် ဥရောပဒေသအတွင်း လှည့်လည်ခရီးသွားရာတွင် ဂရုပြုကြပါရန်တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားခရီးသွားများအနေဖြင့် မိမိတို့၏ နိုင်ငံကူးလက်မှတ်များကို မိတ္တူကူးထားပြီး သီးသန့်နေရာတွင်သိမ်းဆည်းထားရန်၊ ခါးပိုက်နှိုက်ခြင်း ခံရသောကြောင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွား သည့်အခါ နီးစပ်ရာရဲစခန်းသို့ သွားရောက်တိုင်းကြားထားရန်၊ ထို့အပြင်အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့် မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့တွင် မြန်မာနိုင်ငံသို့ ပြန်နိုင်ရန်အတွက် တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လာရောက်လျှောက်ထားနိုင်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၂။ **<u>မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးပါက ပြန်လည်လျှောက်ထားရန် လိုအပ်ချက်များ</u>**

(က)။ ရဲစခန်းထောက်ခံစာ

(ခ) ။ နိုင်ငံကူးလက်မှတ် မိတ္တူ

(ဂ) ။ လိုင်စင် ဓာတ်ပုံ (၂)

(ဃ)။ ကိုယ်ရေးရာဇဝင်ပုံစံ (သံရုံး၏ websiteတွင် ရယူနိုင်ပါသည်)

(င) ။ သံအမတ်ကြီးထံလိပ်မူ၍ နိုင်ငံကူးလက်မှတ် အသစ်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားစာ (မည်သို့ပျောက်ဆုံးကြောင်းဖော်ပြရန်)

၃။ **<u>ဆက်သွယ်ရန်လိပ်စာ</u>**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
No. 9, BOULEVARD GENERAL WAHIS, 1030 BRUSSELS.
Tel: 00-32-2-701-9389; 02-701-9388 ;
Fax: 02-705-5048
e-mail: visa@embassyofmyanmar.be